**Women's Peace & Humanitarian Fund**

A United Nations & Civil Society Partnership

WPHF WHRD WINDOW

# ထောက်ခံ အားပေးမှု လျှောက်ထားခြင်း

အကြံပြု စာလွှာ

**လက်ရှိ တည်နေရာ၊** WHRD သည် ၎င်းတို့ နေထိုင်သည့် လက်ရှိ ရွာ/ မြို့/ မြို့ကြီးနှင့် ဤရွာ၊ မြို့၊ မြို့ကြီး တည်ရှိသည့် နိုင်ငံကို ညွှန်ပြရမည်ဖြစ်သည်။

**အမည် အပြည့်အစုံ၊** ၎င်းတို့၏ နိုင်ငံကူးလက်မှတ်/မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ စာရွက်စာတမ်းများတွင် ပါရှိသည့် ၎င်းတို့၏ အမည် အပြည့်အစုံကို WHRD က ပေးအပ်ရမည်။ နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံများကို ဤလျှောက်လွှာနှင့် ပူးတွဲမပေးပို့ပါနှင့်။ အကယ်၍ လျှောက်ထားမှုကို လက်ခံပါက ဤစာရွက်စာတမ်းများကို တောင်းခံလိမ့်မည်။

**သင်၏ လူ့အခွင့်အရေးအတွက် တက်ကြွသော လှုပ်ရှားမှုအကြောင်း ကျွန်ုပ်တို့အား ကျေးဇူးပြု၍ စာလုံးရေ ၂၀၀ ဖြင့် ပြောပြပါ (ကိုယ်ရေးရာဇဝင် အကျဉ်းအဖြစ်)***(အများဆုံး စာလုံးရေ ၂၀၀)***၊** ဤအပိုင်းတွင် ပဋိပက္ခ၊ အရေးအခင်းကာလ သို့မဟုတ် လူသားချင်း စာနာထောက်ထားသော အခြေအနေများတွင် လူ့အခွင့်အရေးကို ကာကွယ်ရာ၌ ၎င်းတို့၏ တက်ကြွသော လှုပ်ရှားမှုနှင့် ဆက်နွှယ်နေသည့် အသေးစိတ် အချက်အလက်များနှင့် အတွေ့အကြုံများပါဝင်သည့် ရှင်းလင်းတိကျသည့် ပုံစံကျ ကိုယ်ရေး ရာဇဝင် အကျဉ်းကို WHRD က မျှဝေရန်  လိုအပ်သည်။ သက်ဆိုင်ပါက ပဋိပက္ခ၊ အရေးအခင်းကာလ သို့မဟုတ် လူသားချင်း စာနာထောက်ထားသော အခြေအနေများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တန်းတူညီမျှမှုနှင့် လုပ်ပိုင်ခွင့် အာဏာလွှဲပြောင်းခြင်း ရလဒ်များကို ရရှိအောင်မြင်ရန် သင့် တက်ကြွသော လှုပ်ရှားမှုက မည်သို့ ရအောင် ကြိုးစားခဲ့ပုံ အသေးစိတ် အချက်အလက်များကို အကြမ်းဖျင်း ဖော်ပြရမည်။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းအတွက် သင်သည် မည်မျှကြာအောင် ထောက်ခံအားပေး နေခဲ့ပုံ၊ သင်၏ ရှေ့နေလိုက်ပြောကာ ကြိုးစားခဲ့မှုများတွင် သင်က ပါဝင်စေခဲ့သည့် မည်သည့် ပါဝင်ပတ်သက်သူများမဆို၊ နှင့် ပဋိပက္ခ၊ အရေးအခင်းကာလ သို့မဟုတ် လူသားချင်း စာနာထောက်ထားသော အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကာကွယ်ရာ၌ သင့် တက်ကြွသော လှုပ်ရှားမှုမှ အကျိုးဆက်ဖြစ်ပေါ်ခဲ့သည့် အဓိက ရလဒ်များ (ချက်ချင်း၊ အလယ်အလတ်နှင့် ရေရှည်) တို့ နှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကိုလည်း ထည့်သွင်းပါ။ အကယ်၍ လူ့အခွင့်အရေးကို ကာကွယ်ရာ၌ ထောက်ခံအားပေး ရှေ့နေလိုက်ပြောသည့် လှုပ်ရှားမှုများကို သင် မကြာသေးမီကသာ စတင်ခဲ့ပါက လူ့အခွင့်အရေးကို ကာကွယ်ရာ၌ ထောက်ခံအားပေး ရှေ့နေလိုက်ပြောမှုတွင် ပါဝင်လာရန် သင့်အား မည်သည့် အခြေအနေများက ဦးတည်စေခဲ့သည် သို့မဟုတ် လူ့အခွင့်အရေးကို ကာကွယ်ရာ၌ တက်ကြွသော လှုပ်ရှားမှုတွင် ပါဝင်ရန် သင့်အား မည်သည့်အရာက လှုံ့ဆော်ပေးသည် သို့မဟုတ် ဆွဲဆောင်သည် တို့နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးအပ်ပါ။

သင့်နိုင်ငံတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးအပါအဝင်  လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ထောက်ခံအားပေး ရှေ့နေလိုက်ပြောသည့် အလားတူဖြစ်သော မည့်သည့် ကြိုးပမ်းမှုများကိုမဆို သင် သတိမူမိပါက ကျေးဇူးပြု၍ ၎င်းတို့ကို ထုတ်ဖော်ပြောဆိုပြီး သင်၏ အခြေအနေတွင် သင်၏ ကြိုးပမ်းအားထုတ်မှုများသည် အခြားသူများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် မည်သို့ ချိန်ညှိနိုင်သည်ကို ထုတ်ဖော်ပြောဆိုပါ။

**အခမ်းအနား/အစည်းအဝေး/ညီလာခံ၏ အမည်မှာ အဘယ်နည်း။** *ဖိတ်ကြားချက် သို့မဟုတ် ဝက်ဘ်ဆိုက် အရ အခမ်းအနား၏ အမည် အပြည့်အစုံကို ကျေးဇူးပြု၍ ထည့်သွင်းပါ။* အခမ်းအနား/အစည်းအဝေး၏ အမည် အပြည့်အစုံနှင့် လျှောက်ထားသည့် အချိန်တွင် ရရှိနိုင်သည့် အခမ်းအနားနှင့် ပတ်သက်သည့် အခြား အသေးစိတ် အချက်အလက်များကို WHRD က ပေးအပ်ရမည်။

မတ်လ ၂၀၂၆

**အခမ်းအနား/အစည်းအဝေး/ညီလာခံ၏ တရားဝင် အစပြုသည့် နေ့စွဲနှင့် ပြီးဆုံးသည့် နေ့စွဲများမှာ အဘယ်နည်း။** အခမ်းအနား၏ ဖော်ပြထားသော ရက်စွဲ မတိုင်မီ အနည်းဆုံး ရက်သတ္တ ၁၀ ပတ်တွင် ထောက်ခံ အားပေးမှု အထောက်အပံ့တစ်ခုကို WHRDs က လျှောက်ထားရန် လိုအပ်သည်။ အခမ်းအနား မတိုင်မီ ရက်သတ္တ ၁၀ ပတ်ထက် နည်းပါး၍ တင်သွင်းသည့် လျှောက်လွှာများကို အလိုအလျောက် ပယ်ချလိမ့်မည်ဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။

**အခမ်းအနား/အစည်းအဝေး/ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် သင်၏ အခန်းကဏ္ဍ (နှင့် ရည်မှန်းချက်များ) နှင့် လွှမ်းမိုးရန်နှင့် ရရှိအောင်မြင်ရန် သင် မည်သည့်အရာကို ကြိုးစားရှာဖွေနေသည်ကို ကျေးဇူးပြု၍ ဖော်ပြပါ။** *(အများဆုံး စာလုံးရေ ၂၀၀)*၊ ၎င်းတို့အနေဖြင့် ပါဝင်ရန်၊ တက်ရောက်ရန်၊ အစည်းအဝေး ကျင်းပရန် သို့မဟုတ် ဖြစ်မြောက်အောင် ဆောင်ရွက်ရန် ဆန္ဒရှိသည့် အခမ်းအနား/အစည်းအဝေး/ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်၏ ရည်မှန်းချက်များကို WHRD က ရှင်းလင်းစွာ အကြမ်းဖျင်း ဖော်ပြရန် ဤကဏ္ဍက တောင်းဆိုထားသည်။ အကယ်၍ ဤအခမ်းအနားကို တက်ရောက်ရန် ပြင်ပအဖွဲ့အစည်း တစ်ခုက WHRD တစ်ယောက်အား ဖိတ်ကြားခဲ့လျှင် ဤအခမ်းအနား၏ ရည်မှန်းချက်များကို ဖိတ်ကြားစာ/ဤအခမ်းအနားအတွက် အယူအဆ မှတ်စုတွင် အကြမ်းဖျင်း ဖော်ပြနိုင်သည်။ အကယ်၍ WHRD တစ်ယောက်က အခမ်းအနားတစ်ခုကို ကျင်းပမည်/ဖြစ်မြောက်အောင် ဆောင်ရွက်မည်ဆိုပါက ၎င်းတို့ စီမံဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းစွာ အကြမ်းဖျင်း ဖော်ပြသည့် မူကြမ်း/ အပြီးသတ် အယူအဆ မှတ်စုတစ်ခု၊ ၎င်းတို့၏ အခြေအနေတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ထောက်ခံအားပေး ရှေ့နေလိုက်ပြောသည့် ကြိုးပမ်းမှုများအတွက် လိုအပ်ချက်၊ နှင့် စီစဉ်ထားသည့် ဤအခမ်းအနားသည် ဤအရာကို မည်သို့ ပံ့ပိုးဖြည့်ဆည်းပေးမည်ဆိုသည်ကို ၎င်းတို့က တင်သွင်းရမည်။

အဆိုပြုထားသည့် အခမ်းအနား/အစည်းအဝေး/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ၎င်းတို့၏ တဦးချင်း အခန်းကဏ္ဍကို WHRD က ရှင်းလင်းစွာ အကြမ်းဖျင်း ဖော်ပြရန်လည်း ဤကဏ္ဍက တောင်းဆိုထားသည်။ WHRDs များသည် ယေဘုယျ "ကျွန်ုပ်တို့ ...ကို လုပ်ဆောင်ရန် လိုလားသည်" အမျိုးအစား အဖြေများကို မပေးအပ်ဘဲ အဆိုပြုထားသည့် အခမ်းအနား/အစည်းအဝေး/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်အတွက် ပြင်ဆင်နေချိန်၊ အတောအတွင်းနှင့် ပြီးနောက်တွင် တဦးချင်း အနေဖြင့် ၎င်းတို့ လုပ်ဆောင်မည့် အရာ အပေါ်တွင် အာရုံစိုက်သင့်သည်။

အချို့သော သာဓကများတွင် ပဋိပက္ခ၊ အရေးအခင်းကာလ နှင့် လူသားချင်း စာနာထောက်ထားသော အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးများနှင့် ဆက်နွှယ်၍ သီးခြားအကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ အခမ်းအနားတစ်ခုတွင် စကားပြောရန်/ပါဝင်ပတ်သက်သူများကို ရှင်းလင်းတင်ပြရန် WHRD အား ဖိတ်ကြားကောင်း ဖိတ်ကြားနိုင်သည်။ ထို့သို့ဖြစ်ခဲ့ပါက အခမ်းအနားတစ်ခုတွင် စကားပြောရန် ၎င်းတို့အား မည်သူက ဖိတ်ကြားသည်၊ အခမ်းအနားတစ်ခုတွင် စကားပြောရန် ၎င်းတို့အား မည်သည့်အချိန်တွင် မျှော်လင့်သည် တို့နှင့် ၎င်းတို့က ထိုအခမ်းအနားတွင် ဟောပြောရန် ရည်ရွယ်သော မည်သည့် အဓိက သတင်းစကားများကို မဆို WHRD က ရှင်းလင်းစွာ အကြမ်းဖျင်း ဖော်ပြရမည်။

အခြားသော သာဓကများတွင် WHRDs များသည် အခမ်းအနားများ၊ အစည်းအဝေးများ သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် စင်မြင့်များ၏ အစည်းအဝေး စီစဉ်သူများ သို့မဟုတ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူများ ဖြစ်ကြသည်။ ဤသာဓကတွင် ဤအခမ်းအနားအတွက် အယူအဆ မှတ်စုများ ရေးသားရာတွင်၊ ဤအခမ်းအနားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အရင်းအမြစ်များကို ဆော်ဩစည်းရုံးရာတွင်၊ ဤအခမ်းအနားကို တက်ရောက်ရန် WPSH အဖွဲ့အစည်းများနှင့် ပါဝင်သူများအား ဆော်ဩစည်းရုံးရာတွင်၊ ဤအခမ်းအနားအတွင်း အစီအစဉ် အပိုင်းများကို အစွန်းမရောက် စေဘဲ ထိန်းညှိရာတွင်၊ ဤအခမ်းအနားအတွင်း သုတေသန သို့မဟုတ် အသိပညာ ထုတ်ကုန်များကို တင်ပြရာတွင်၊ ဤအခမ်းအနား၏ အစီအစဉ်များကို မှတ်တမ်းတင်ရာတွင်၊ WPSH အဖွဲ့အစည်းများနှင့် လှုပ်ရှားဆောင်ရွက်သူများ စသည်တို့နှင့် နှစ်ဦးနှစ်ဖက်ပါဝင်သော အစည်းအဝေးများကို ဖြစ်မြောက်အောင် ဆောင်ရွက်ရာတွင်/တက်ရောက်ရာတွင် ၎င်းတို့ ပါဝင်ကောင်း ပါဝင်နေမည့် အခန်းကဏ္ဍ အမျိုးမျိုးကို WHRDs များက ရှင်းလင်းစွာ အကြမ်းဖျင်း ဖော်ပြရမည်။

ပါဝင်သူများ/ လေ့လာ အကဲခတ်သူများအဖြစ် အစည်းအဝေးများကို တက်ရောက်ရန် WHRDs များအတွက် လျှောက်ထားမှုများကို WPHF က မထောက်ခံပါ။ အကယ်၍ WHRDs များသည် အစည်းအဝေး/အခမ်းအနား တစ်ခုကို ပါဝင်သူ သို့မဟုတ် လေ့လာ

အကဲခတ်သူ တစ်ယောက်အဖြစ် တက်ရောက်ရန် လိုလားပါက ဤဝင်းဒိုးအောက်တွင် ထောက်ကူပံ့ပိုးမှု အတွက် အရည်အချင်းပြည့်မီရန် ဤအစည်းအဝေး/အခမ်းအနားတွင် ရောက်ရှိနေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မိစေရန် ရှင်းလင်းသော ထောက်ခံအားပေးသည့် အစီအစဉ်တစ်ခုကို ၎င်းတို့က တင်သွင်းရမည်ဖြစ်သည်။ အကယ်၍ WHRDs များ ပေါင်းစုံသည့် အခမ်းအနား/အစည်းအဝေးတစ်ခုကို တက်ရောက်နေလျှင် ထောက်ခံအားပေးသည့် ပံ့ပိုးမှုအတွက် ထည့်သွင်း စဉ်းစားနိုင်ရန် အလို့ငှာ WHRD တစ်ဦးချင်းစီ အတွက် ရှင်းလင်းသော ထောက်ခံအားပေးသည့် အခန်းကဏ္ဍတစ်ခုကို သတ်မှတ်ပြဌာန်းရမည်။

ကိုယ်စားလှယ်အဖွဲ့ လျှောက်ထားမှုများအတွက် WPHF သည် အများဆုံး WHRDs ၅ ယောက်ကို ထောက်ခံလိမ့်မည်။ ကိုယ်စားလှယ် တစ်ဦးချင်းစီတွင် အခမ်းအနား၊ အစည်းအဝေး/ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ဖြည့်ဆည်းရန် ၎င်းတို့ ရည်ရွယ်သည့် တစ်မူထူးခြားပြီး သီးခြားသတ်မှတ်ထားသည့် အခန်းကဏ္ဍတစ်ခု ရှိရမည်။

**ဤအခမ်းအနား/အစည်းအဝေး/ညီလာခံကို သင် ဘယ်နှစ်ရက် တက်ရောက်မည်နည်း။** WPHF WHRD Window (ယခုမှ စ၍ နောင်တွင် WPHF ဟု သုံးမည်) သည် ခရီးသွားရသည့် ရက်စွဲများ မပါဝင်ဘဲ အများဆုံး **၅ ရက်**အတွက် WHRDs များကို ထောက်ခံအားပေးသည့် ပံ့ပိုးမှု ပေးအပ်နိုင်သည်။ ၅ ရက်ထက် ပို၍ ပံ့ပိုးမှု လိုအပ်သော လျှောက်ထားမှုများကို ထည့်သွင်းစဉ်းစားပါမည်၊ သို့ရာတွင် မည်သည့် ၅ ရက်အတွက် ပံ့ပိုးမှု ရယူလိုသည်ကို WHRDs များက ရွေးချယ်ရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။ ထို ၅ ရက်သည် အဆိုပြုထားသည့် ထောက်ခံအားပေးမှု အထူးလုပ်ငန်း ဖြစ်ပျက်မည့် ကာလအတွင်း ဆက်တိုက် ၅ ရက်ဖြစ်ရမည်။ စနေ၊ တနင်္ဂနွေနေ့များ (သောကြာနေ့များတွင် ဘာသာရေးဆိုင်ရာ နေ့များ ကျင်းပကြသည့် နိုင်ငံများတွင် သောကြာနေ့များ၊ စနေ၊ တနင်္ဂနွေနေ့များ) တွင် နေ့စဉ် နေ့တွက် စရိတ် (နေရာထိုင်ခင်းနှင့် အစားအစာ ပါဝင်သည့်)ကို WPHF က မပေးကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။ အကယ်၍ စနေ၊ တနင်္ဂနွေနေ့များ ဤအထူးလုပ်ငန်း အတွင်း ပေါ်ပေါက်ခဲ့ပါက ထိုစနေ၊ တနင်္ဂနွေနေ့များအတွင်း မိမိငွေဖြင့် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များကို WHRDs က ပေးအပ်ရန် သတ်မှတ်ပြဌာန်းထားသည်။ ထို့ကြောင့် ၎င်းတို့၏ အဆိုပြုထားသည့် အခမ်းအနားသည် မည်သည့်အချိန်တွင် စတင်မည်၊ ထိုအခမ်းအနားသည် မည်မျှ ကြာမြင့်မည်၊ နှင့် ထိုအခမ်းအနား၏ တည်နေရာ (ဆိုလိုသည်မှာ မြို့၊ မြို့ကြီး နှင့် နိုင်ငံ) နှင့် ထိုအခမ်းအနား၏ စီစဉ်သူများမှာ မည်သူများ ဖြစ်သည်ကို WHRD က ညွှန်ပြရမည်။ မည်သည့် အခမ်းအနားအကြို စီစဉ်ရေး အစည်းအဝေးများ၊ ကွန်ရက်ပြု အစည်းအဝေးများ၊ နှင့် အခမ်းအနား ပြီးဆုံးသည့်နောက် ပြန်လည်အစီရင်ခံသည့် အစည်းအဝေးများနှင့် မည်သည့် အကောင်အထည်ဖော်ဆဲ အစီအစဉ်များ/လုပ်ငန်းစဉ်များ မဆို အပါအဝင် အဆိုပြုထားသည့် အခမ်းအနားအတွက် အယူအဆ မှတ်စု/အစီအစဉ်/လုပ်ငန်းစဉ် တစ်ခုကို WHRD က ပူးတွဲသင့်သည်။ ရရှိနိုင်ပါက ဤအခမ်းအနား၏ အသေးစိတ် အချက်အလက်များကို ရှာဖွေတွေ့ရှိနိုင်သည့် အခမ်းအနား ဝက်ဘ်ဆိုက်တစ်ခုကိုလည်း ထည့်သွင်းသင့်သည်၊ အကယ်၍ WHRD သည် တရားဝင်/ပုံစံကျ ဖိတ်ကြားမှုတစ်ခုကို လက်ခံရရှိခဲ့ပါက (၎င်းသည် စာ/အီးမေးလ် တစ်စောင် ပုံစံဖြင့် ဖြစ်နိုင်သည်) ၎င်းကိုလည်း လျှောက်လွှာနှင့်အတူ ပူးတွဲ သင့်သည်။

**မည်သည့် တိုက်ရိုက်/ထောက်ပံ့ပို့ဆောင်ရေး ပံ့ပိုးမှု အမျိုးအစားကို သင် ရှာဖွေနေသနည်း။** ၎င်းတို့၏ အဆိုပြုထားသည့် ထောက်ခံအားပေးမှု အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် တည်နေရာသို့ WHRDs ခရီးသွားရန် ခရီးသွား ကုန်ကျစရိတ် (လေယာဉ်ခရီးစဉ်များနှင့် ဘတ်စ်ကား၊ ရထား သို့မဟုတ် ကားဖြင့် ဒေသတွင်း ကုန်းလမ်း ခရီးသွားခြင်း) ကို WPHF က ပေးအပ်သည်။ ၎င်းတို့၏ ထွက်ခွာမှု တည်နေရာ နှင့် ၎င်းတို့၏ အဆိုပြုထားသည့် အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် တည်နေရာကို WHRD က အတည်ပြုသည်နှင့် တပြိုင်နက် WPHF သည် တရားဝင် ခရီးသွား လမ်းကြောင်း တလျှောက် ခရီးသွားရန် WHRDs များအတွက် လေယာဉ်(နှင့် ဘတ်စ်ကား သို့မဟုတ် ရထား လက်မှတ်များ အမေရိကန်ပြည်ထောင်စုနှင့် ဆွီဇာလန်တွင် သာ) ဝယ်ယူလိမ့်မည်။ မိမိ၏ လက်မှတ်များကို ကိုယ်တိုင်ဝယ်ယူရန် WHRDs များအား ခွင့်မပြုပါ၊ ထို့အပြင် ကိုယ်တိုင်ဝယ်ယူထားသည့် မည်သည့် လက်မှတ်များကိုမဆို WPHF က ကုန်ကျစရိတ်ကို ပြန်မပေးနိုင်ပါ။ WHRD ၏ လက်ရှိ တည်နေရာနှင့် အဆိုပြုထားသည့် အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် တည်နေရာ (တရားဝင် လမ်းကြောင်း) တို့ အပေါ်တွင် အခြေခံ၍ WPHF WHRD ဝင်းဒိုး က ခရီးသွား လက်မှတ်များကို ဝယ်ယူလေ့ရှိသည်။

အကယ်၍ သင်သည် မသန်မစွမ်းဖြစ်နေသူများအတွက် ဝင်ရောက်ခွင့် သို့မဟုတ် ပံ့ပိုးထောက်ကူမှုကို မေတ္တာရပ်ခံနေပါက လိုအပ်သည့် ထောက်ကူမှု အမျိုးအစား၊ ထိုမေတ္တာရပ်ခံမှု၏ ရည်ရွယ်ချက်၊ နှင့် သင့်လျော်သော စီစဉ်မှုများကို ဖြစ်မြောက်စေရန် လိုအပ်သော သက်ဆိုင်သည့် အသေးစိတ် အချက်အလက်များကို မဆို အပါအဝင် ထိုမေတ္တာရပ်ခံမှု၏ သဘောသဘာဝအား ကျေးဇူးပြု၍ ရှင်းလင်းစွာ အသေးစိတ် ဖော်ပြပါ။

ခရီးသွား မူဝါဒ နှင့်အညီ ထောက်ခံအားပေးသည့် ပံ့ပိုးမှု အစီအစဉ်အရ ခရီးသွားသည့် WHRDs များအတွက် ကလေးပြုစု စောင့်ရှောက်ရေး ပံ့ပိုးမှုကို မရရှိနိုင်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။

**ဤအခမ်းအနား/ အစည်းအဝေး/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် သင့် ပါဝင်မှု၏ အကျိုးသက်ရောက်မှု အနေဖြင့် သင (နှင့်/သို့မဟုတ် သင့် မိသားစု/ မှီခိုသူများ) ရင်ဆိုင်ကြုံတွေ့ကောင်း တွေ့နိုင်သည့် စွန့်စားရမှုများမှာ အဘယ်နည်း။ ဤအခမ်းအနား မတိုင်မီ၊ အတောအတွင်း၊ ပြီးနောက် ဤစွန့်စားရမှုများအား သင် မည်သို့ လျော့ပါးသက်သာအောင် လုပ်ဆောင်မည်နည်း။**
*စွန့်စားရမှု နှင့် လျော့ပါးသက်သာရေး လုပ်ဆောင်မှု အနည်းဆုံး နှစ်ခုကို ကျေးဇူးပြု၍ စာရင်းပြုစုပါ။* အချို့သော သာဓကများတွင် ပဋိပက္ခ၊ အရေးအခင်းကာလ သို့မဟုတ် လူသားချင်း စာနာထောက်ထားသော အခြေအနေများတွင် လူ့အခွင့်အရေးကို ကာကွယ်ရာ၌ ၎င်းတို့၏ တက်ကြွသော လှုပ်ရှားမှုတွင် ၎င်းတို့၏ ပါဝင်ပတ်သက်မှုနှင့် ဆက်နွှယ်နေသည့် လုံခြုံရေး သို့မဟုတ် ကာကွယ်ရေး စွန့်စားရမှုများကို WHRDs များ ရင်ဆိုင်ကြုံတွေ့ရကောင်း ရနိုင်သည်။ ဤစွန့်စားရမှုများတွင် ခြိမ်းခြောက်မှု/အနှောင့်အယှက်ပေးခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း၊ အရေးယူခံရမည့်သူ စာရင်းတွင် ထည့်သွင်းခြင်း၊ စောင့်ကြည့်ခြင်း၊ ကျား/မ အခြေပြုအကြမ်းဖက်မှု၊ နာမည်ဖျက်ခြင်းနှင့် အသရေဖျက်မှုများ ပါဝင်သော်လည်း ကန့်သတ်မထားပေ။

လူ့အခွင့်အရေးကို ကာကွယ်ရာ၌ ၎င်းတို့၏ တက်ကြွသော လှုပ်ရှားမှုနှင့် ဆက်စပ်၍ မကြာသေးမီ အတိတ်ကာလ (လွန်ခဲ့သည့် ၂ နှစ်အတွင်း)တွင် ထိုကဲ့သို့သော မည်သည့် စွန့်စားရမှုများ/ခြိမ်းခြောက်မှုများကိုမဆို WHRD က ရင်ဆိုင်ကြုံတွေ့ခဲ့လျှင် သို့မဟုတ် ၎င်းတို့၏ အဆိုပြုထားသည့် ထောက်ခံအားပေးမှု အခမ်းအနား မတိုင်မီကာလ၊ အတောအတွင်း၊ ပြီးနောက်တွင် ထိုကဲ့သို့သော စွန့်စားရမှုများကို ရင်ဆိုင်ကြုံတွေ့နိုင်ကောင်း တွေ့နိုင်သည်ဟု ၎င်းတို့တွင် ကြောက်ရွံ့မှုများ ရှိခဲ့လျှင် ဤအချက်အလက်များကို ဤအပိုင်းတွင် စာရင်းပြုစု ဖော်ပြသင့်သည်။ ထို့ပြင် ဤစွန့်စားရမှုများအား မည်သို့ လျော့ပါးသက်သာစေခဲ့ကြောင်း သို့မဟုတ် မကြာမီ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာနိုင်သည့် ဤစွန့်စားရမှုများအား လျော့ပါးသက်သာရန် မည်သို့ စီစဉ်ကြောင်း အသေးစိတ် အချက်အလက်များကို WHRD က ထည့်သွင်းလိုက ထည့်သွင်း နိုင်သည်။

**မေးခွန်း ၁၊ (ကိုယ်စားလှယ်အဖွဲ့ လျှောက်ထားမှု)၊ အထက်တွင် ဖော်ပြထားသည့် ကိုယ်စားလှယ်အဖွဲ့စာရင်းမှ အဓိက တာဝန်ခံ တစ်ဦးကို ကျေးဇူးပြု၍ အမည်တပ်၍ ဖော်ပြပါ။** အကယ်၍ WHRDs များသည် ကိုယ်စားလှယ်အဖွဲ့တစ်ခု အဖြစ် ထောက်ခံအားပေးမှု ပံ့ပိုးမှုကို လျှောက်ထားပါက လျှောက်ထားမှု လုပ်ငန်းစဉ်အတွင်း WPHF နှင့် အဓိက ဆက်သွယ် ဆောင်ရွက်သူအဖြစ် ထမ်းဆောင်မည့် အဓိက တာဝန်ခံတစ်ဦးကို ၎င်းတို့က ဖော်ထုတ်ရမည်။ ထိုအဓိက တာဝန်ခံအား လျှောက်ထားမှု ဆုံးဖြတ်ချက် ရလဒ်ဖြင့် ဆက်သွယ်လိမ့်မည်ဖြစ်ပြီး လျှောက်လွှာအား ပြန်လည်သုံးသပ်မှုနှင့် လျှောက်ထားမှု လုပ်ငန်းစဉ်အတွင်း လိုအပ်ကောင်း လိုအပ်နိုင်သည့် မည်သည့် အချက်အလက်ကိုမဆို အဓိက တာဝန်ခံက ရှင်းလင်းလိမ့်မည်။ အကယ်၍ လျှောက်ထားမှုကို အတည်ပြုခဲ့လျှင် ထိုအတည်ပြုပြီးဖြစ်သော အဆိုပြုထားသည့် အခမ်းအနား/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်အတွက် လိုအပ်သည့် စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ ပို့ဆောင်ရေး တာဝန်များအား လွယ်ကူချောမွေ့စေရန် WPHF ၏ ဝန်ထမ်းတစ်ယောက်က အခြား အဖွဲ့ဝင်အားလုံးကို ဆက်သွယ်ပါလိမ့်မည်။

## အရေးကြီး

## ခရီးသွားခြင်း

တရားဝင် လမ်းကြောင်း (ဇာတိမြေမှ အခမ်းအနားသို့ နှင့် အပြန်) မှ လမ်းပြောင်းခြင်းများကို WPHF က မပံ့ပိုးနိုင်ပါ သို့မဟုတ် ထည့်သွင်း **မ**စဉ်းစားနိုင်ပါ။ အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် (ထောက်ခံအားပေးမှု

အခမ်းအနား၏ တရားဝင် ကြာမြင့်သည့် ကာလ) ၏ စတင်သည့်နေ့နှင့် ပြီးဆုံးသည့် နေ့တို့ အပေါ်တွင် အခြေခံ၍ ခရီးသွား လက်မှတ်များလည်းကို ဝယ်ယူလေ့ရှိသည်။

အစည်းအဝေး၊ အခမ်းအနား/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်၏ စတင်သည့်နေ့နှင့် ပြီးဆုံးသည့် နေ့တို့၏ တရားဝင် ကြာမြင့်သည့် ကာလ မှ လမ်းပြောင်းခြင်းများကို WPHF က **မ**ပံ့ပိုးနိုင်ပါ သို့မဟုတ် ထည့်သွင်း **မ**စဉ်းစားနိုင်ပါ။ သို့ရာတွင် ၎င်းတို့၏ ခရီးသွား လက်မှတ်များကို WHRD အား ထုတ်ပေးပြီးသည်နှင့် တပြိုင်နက် ၎င်းတို့သည် မိမိတို့၏ ကုန်ကျစရိတ်ဖြင့် ခရီးသွားမည့် နေ့စွဲများတွင် မည်သည့် အပြောင်းအလဲများကို မဆို လုပ်နိုင်သည်၊ ခရီးသွား ကိုယ်စားလှယ် သို့မဟုတ် ခရီးသွား ဝန်ဆောင်မှု ပေးအပ်သူတို့ နှင့် တိုက်ရိုက်လုပ်ဆောင်နိုင်ပြီး WPHF ၏ နောက်ထပ် ပါဝင်ပတ်သက်မှု မရှိတော့ပါ။

အစည်းအဝေး၊ အခမ်းအနား/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်၏ နေ့စွဲများတွင် မည်သည့် အပြောင်းအလဲများကို မဆို သို့မဟုတ် WHRD သည် ဝယ်ယူထားသည့် ခရီးသွား လက်မှတ်များအတိုင်း ခရီးသွားရန် မလုပ်ဆောင်နိုင်ပါက WPHF သို့ ချက်ချင်း ဆက်သွယ်ရမည်။

ထောက်ခံအားပေးမှု လုပ်ငန်းတာဝန် ပြီးဆုံးသည့်နောက် ၂၄ နာရီအတွင်း ယာဉ်ပေါ် တက်ခွင့်လက်မှတ်များ (ဒစ်ဂျစ်တယ် ပုံစံဖြင့်) ကို WPHF သို့ တင်သွင်း**ရမည်**။ ခရီးသွား မှတ်တမ်းမှတ်ရာများ၏ မိတ္တူများကို တင်သွင်းရန် ပျက်ကွက်မှုသည် WHRD အတွက် ခွဲဝေချမှတ်ပြီးဖြစ်သည့် နေ့တွက်စရိတ်၏ ၂၀% အား ထုတ်မပေးဘဲထားခြင်း ရလဒ်ဖြစ်စေနိုင်ပြီး WPHF WHRD ထောက်ခံအားပေးမှု ပံ့ပိုးမှု စီးကြောင်း အောက်တွင် ထောက်ခံအားပေးမှု ပံ့ပိုးမှုအတွက် အနာဂတ် လျှောက်ထားမှုများကို သက်ရောက်ထိခိုက်နိုင်သည်။

(WHRD ၏ ဇာတိမြေမှ ထွက်ခွာရာ ဆိပ်သို့၊ ဤအခမ်းအနားအတွင်း တည်းခိုရန် နေရာသို့၊ နှင့် အပြန်အလှန် မြေပြင် ခရီးသွားခြင်းကို ပေးချေရန် ရန်ပုံငွေ) ၎င်းတို့၏ ဇာတိမြေမှ ထွက်ခွာရာ ဆိပ်များသို့ ခရီးသွားခြင်း၊ ထောက်ခံအားပေးမှု အထူးတာဝန် အတောအတွင်း တည်းခိုရာနေရာနှင့် အပြန်အလှန် (ထောက်ခံအားပေးမှု အထူးတာဝန် အတောအတွင်း တည်းခိုရာနေရာမှ ထွက်ခွာရာ ဆိပ်သို့၊ ၎င်းတို့၏ ဇာတိမြေများသို့ ပြန်၍) ကုန်ကျစရိတ်ကို ပေးချေရန် WHRDs များထံသို့ ဝင်ထွက်ဂိတ် ရန်ပုံငွေများကို ပေးအပ်သည်။

## နေ့တွက် စရိတ်

ထောက်ခံ အားပေးမှု အထူးတာဝန် အတောအတွင်း ကျသင့်ကောင်း ကျသင့်နိုင်သည့် တည်းခိုနေထိုင်မှု၊ အစားအစာနှင့် အခြား မည်သည့် အသေးအဖွဲ ကုန်ကျစရိတ်များကိုမဆို ပေးချေရန် ထောက်ခံအားပေးမှု ပံ့ပိုးမှု လျှောက်လွှာများကို အတည်ပြုပြီးဖြစ်သည့် WHRDs များထံသို့ နေ့စဉ် နေ့တွက် စရိတ်များကို WPHF က ပေးအပ်သည်။ DSA နှုန်းထားသည် နိုင်ငံတကာ ဝန်ထမ်းရေးရာ ကော်မရှင်က သတ်မှတ်ထားသည့် နှုန်းထားများပေါ်တွင် အခြေခံသည်။ နှုန်းထားများသည် လအလိုက် ပြောင်းလဲပြီး အမျိုးမျိုးသော မြို့ကြီးများနှင့် နိုင်ငံများအတွက် DSA နှုန်းထားကို ဤနေရာတွင် တွေ့နိုင်သည်။ Daily Subsistence Allowance (DSA) | ICSC. ဟိုတယ်များ၊ အစားအစာများ သို့မဟုတ် အငှားယာဉ်များ စသည်တို့အတွက် ပေးချေမှု သက်သေကို ပြထားသည့် လက်ခံဖြတ်ပိုင်းများကို WHRDs များက တင်သွင်းရန် မလိုအပ်ပေ။ DSA အတွက် ပြည့်ပြည့်ဝဝ စီမံခန့်ခွဲရန် တစ်ခုတည်းသော လိုအပ်ချက်မှာ ထုတ်ပေးထားသည့် ခရီးသွား လက်မှတ်များနှင့် အထူးတာဝန် နေ့စွဲများအတိုင်း ခရီးသွား ယာဉ်ပေါ်တက်ခွင့် လက်မှတ်များကို တင်သွင်းခြင်းဖြစ်သည်။ ခရီးသွားခြင်း မတိုင်မီ ၅ ရက်အထိ DSA ၏ ၈၀% ကို WHRDs များထံသို့ ထုတ်ပေးပြီး ထောက်ခံအားပေးမှု အထူးတာဝန် ပြီးနောက် ခရီးသွား ယာဉ်ပေါ်တက်ခွင့် လက်မှတ်များကို တင်သွင်းခြင်းအပေါ်တွင် လက်ကျန်ငွေ၏ ၂၀% ကို စီမံသည်။ DSA များကို စီမံပြီးသည်နှင့် တပြိုင်နက် DSA ၏ ပေးချေမှု သက်သေကို WHRD တစ်ဦးစီနှင့် WPHF က မျှဝေပြီး WHRD စာရင်းတွင် ရှင်းလင်းရန် ရန်ပုံငွေများအတွက် ရုံးဖွင့်ရက် ၃ ရက်မှ ၅ ရက်ထိ ကြာနိုင်သည်။ အချို့သော သာဓကများတွင် WHRD များအား ၎င်းတို့၏ DSA ကို Western Union မှတစ်ဆင့် ပေးချေနိုင်သည်။ အကယ်၍ ဤသည်ကို ရည်ရွယ်ထားခဲ့လျှင် WPHF WHRD Window သည် ဤသတင်းအချက်အလက်ကို WHRDs များနှင့် ကြိုတင်၍ အသိပေးပါလိမ့်မည်။ Western Union ပေးချေမှုများကို စီမံပြီးသည်နှင့် တပြိုင်နက် WHRDs များသည် ရုံးဖွင့်ရက် ၃ ရက်မှ ၅ ရက်အတွင်း ဤရန်ပုံငွေများကို ထုတ်ယူရမည် ထိုသို့မဟုတ်ပါက ထိုရန်ပုံငွေများသည် WPHF ထံသို့ ပြန်သွားလိမ့်မည်။

## ဗီဇာများ

အစည်းအဝေး/အခမ်းအနား/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်၏ တည်နေရာသို့ ခရီးသွားရန် WHRD တစ်ယောက်သည် **ဗီဇာ**တစ်ခု လိုအပ်ခဲ့လျှင် ၎င်းကို လျှောက်လွှာပုံစံပေါ်တွင် ဖော်ပြရမည်။ အစည်းအဝေး/အခမ်းအနား/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်၏ တည်နေရာသို့ ခရီးသွားရန် ၎င်းတို့အား ခွင့်ပြုရန် WHRD တစ်ယောက်သည် **ဗီဇာတစ်ခု ရရှိသည်**အထိ WPHF သည် ခရီး၊ DSA နှင့် ဝင် ထွက်ဂိတ် ပေးချေမှုများကို စီမံရန် မဆောင်ရွက်နိုင်ပေ။ WPHF WHRD ဝင်းဒိုးသည် ဗီဇာလျှောက်ထားမှုများအား စီမံခြင်း (ဆိုလိုသည်မှာ သံရုံးများ/ ကောင်စစ်ဝန်ရုံးများကို ဆက်သွယ်ခြင်းဖြင့်) ကို အဆင်ပြေချောမွေ့အောင် မလုပ်ဆောင်နိုင်ပေ၊ ၎င်းအပြင် ဗီဇာ စရန်ငွေ ဝန်ဆောင်ခများကို မပေးချေပါ။ သို့ရာတွင် ၎င်းတို့အနေဖြင့် ဗီဇာကို စီမံ/ထုတ်ပေးခဲ့ပါက ဤအထူးတာဝန်၏ ကုန်ကျစရိတ်ကို ပေးချေမည်ဟု ဖော်ပြထားသည့် ကူညီပံ့ပိုးရေး စာများကို WHRDs များအတွက် WPHF က ထုတ်ပေးနိုင်သည်။ အကယ်၍ WHRD တစ်ယောက်သည် ထိုကဲ့သို့သော ကူညီပံ့ပိုးရေး စာတစ်စောင်ကို လိုအပ်ခဲ့ပါက ၎င်းကို လျှောက်လွှာပုံစံ၏ အကြံပြုစာ အပိုင်းတွင် ဖော်ပြနိုင်သည်။ ဗီဇာကုန်ကျစရိတ်များအတွက် ပေးချေမှု သက်သေကို တင်သွင်းပြီးနောက်ပိုင်းတွင် ဗီဇာ လျှောက်ထားမှုများ၏ ကုန်ကျစရိတ်ကို WPHF က ငွေပြန်ထုတ်ပေးနိုင်သည်။

## အခြား ကုန်ကျစရိတ်များ

အစည်းအဝေးများ/အခမ်းအနားများ/ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များ အတောအတွင်း ၎င်းတို့ကို WHRDs က တောင်းဆိုခဲ့လျှင် ဘာသာပြန်ခ ကုန်ကျစရိတ်များကို WPHF က ပေးနိုင်သည်။ ဘာသာပြန်ခြင်းကို WPHF က တိုက်ရိုက် ပေးအပ်ပြီး ဘာသာပြန် ဝန်ဆောင်မှုအတွက် မေတ္တာရပ်ခံခြင်းကို ထောက်ခံအားပေးမှု လျှောက်လွှာ တင်သွင်းစဉ်တွင် ဖော်ပြရမည်။

## WPHF WHRD ထောက်ခံအားပေးမှု ကော်မတီမှတစ်ဆင့် အတည်ပြုရေး လုပ်ငန်းစဉ်

၎င်းတို့၏ အဆိုပြုထားသည့် အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် **မစတင်မီ ရက်သတ္တပတ် ၁၀ (အနည်းဆုံး) နှင့် ၁၂ ပတ် အကြား**တွင် ထောက်ခံအားပေးမှု ပံ့ပိုးမှုအတွက် မေတ္တာရပ်ခံချက်များကို WHRDs များက တင်သွင်းရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။ အခမ်းအနား၊ အစည်းအဝေး သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် မစတင်မီ ရက်သတ္တ ၁၀ ပတ်ထက် နည်းပါး၍ လက်ခံရရှိသည့် လျှောက်လွှာများကို ဤအခြေခံ အကြောင်းရင်းအရ အလိုအလျောက် ပယ်ချလိမ့်မည်ဖြစ်သည်။

သင့် မေတ္တာရပ်ခံချက်ကို ထည့်သွင်းစဉ်းစားပါက နောက်ထပ် အဆင့်များအဖြစ် လျှောက်လွှာ တင်သွင်းပြီးနောက် အလုပ်ဖွင့်ရက် ၅ ရက်မှ ၇ ရက်အတွင်း WPHF က သင့်အား ဆက်သွယ်ပါလိမ့်မည်။ ထပ်ဆောင်း အချက်အလက်များနှင့် စာရွက်စာတမ်းများကို ပေးအပ်ရန် ရွေးချယ်ထားသော လျှောက်ထားသူများအား တောင်းဆိုပါလိမ့်မည်။ အကယ်၍ လျှောက်လွှာသည် စံချိန်များနှင့် မကိုက်ညီဘဲ ပယ်ချခံရပါက အလားတူ အလုပ်ဖွင့်ရက် ၅ ရက်မှ ၇ ရက်အတွင်း သင့်အား ရလဒ်ကို အကြောင်းကြားရန် WPHF က ဆက်သွယ်ပါလိမ့်မည်။

WHRDs များထံမှ ထပ်ဆောင်း စာရွက်စာတမ်းများ သို့မဟုတ် ရှင်းလင်းချက်များကို တောင်းခံခဲ့လျှင် နှောင့်နှေးမှုများကို ရှောင်ကြဉ်ရန်နှင့် ခွင့်ပြု အချိန်အတိုင်းအတာ (ရက်သတ္တပတ် ၁၀ - ၁၂) အတွင်း လုပ်ငန်းစဉ် ပြီးစီးမှုကို ကြိုတင်ကာကွယ်ရန်၂၄ မှ ၄၈ နာရီအတွင်း ၎င်းတို့ကို တင်သွင်းရမည်။ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်တစ်ခုမှ နောက်တစ်ဆင့် အတည်ပြုခြင်းသို့ လျှောက်လွှာ ရွေ့လျားစဉ် WHRDs များထံသို့ နောက်ဆုံးအခြေအနေများကို WPHF က ပေးအပ်ပါလိမ့်မည်။